- တခြားတနေရာကို ယာယီပြောင်းရွှေ့ပါ။
- တောင်ပေါ်တက်ပြီး ဒီလူကိုတားပါ။ ကော်နေတဲ့တုတ်ကို ဖယ်ရှားပါ။
- လူ့အခွင့်အရေးလုပ်နေတဲ့တခြားရွာတွေ အဖွဲ့တွေဆီ အကူအညီတောင်းပါ။

ပြောလာတဲ့အချက်တွေကို အနှစ်ချုပ်ပြီး အမြင်အမျိုးမျိုးရှိနိုင်ကြောင်း ပြောပြပါ။ အမြင်တိုင်းဟာ အခြေအနေတိုင်းမှာ ထိရောက်မှုရှိနိုင်ကြောင်းပြောပါ။ စိမ်ခေါ်ချက်ကတော့ ဖြစ်နိုင်တဲ့အချက်တွေအားလုံးကို စဉ်းစားပြီး ဘယ်ဟာကအထိရောက်ဆုံးလဲဆိုတာကို ဆန်းစစ်တတ်ဖို့ဖြစ်ပါတယ်။

ဒီအကြောင်းအရာကို ဆွေးနွေးပြီးရင် ရပ်ရွာထဲမှာကြုံတွေ့နေရတဲ့အကြောင်းအရာဖက်ကို ပြောင်းပြီး ဆွေးနွေးပါ။

# နောက်ဆက်တွဲ (၄)

**စစ်ဆေးရမည့်အရာများ – လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများက ထုတ်ဖော်တင်ပြသည့် စွမ်းရည်များ**

အခုဖော်ပြထားတဲ့စာရင်းဟာ လုံခြုံရေးအတွက် မဖြစ်မနေလုပ်ဆောင်ဖို့ ရည်ရွယ်ထားတာမဟုတ်ပါဘူး။ ကိုယ့်ကြုံတွေ့နေရတဲ့ အခြေအနေအပေါ် ဆုံးဖြတ်လုပ်ကိုင်ဖို့ အဓိကဖြစ်ပါတယ်။ ကိုယ်တွေ့ရတဲ့ စိုးရိမ်ပူပန်ချက်တွေ၊ အန္တရာယ်တွေ၊ ဖြစ်ပွားနိုင်တဲ့ အားနည်းချက်တွေကို စဉ်းစားပြီး အခုစာရင်းထက်ပိုကောင်းအောင် လုပ်နိုင်ပါတယ်။

ဗဟုသုတများ

- ကိုယ့်ကြုံနေရတဲ့ စိုးရိမ်ပူပန်ရမှုတွေ အန္တရာယ်တွေအကြောင်း၊
- ကိုယ့်ရဲ့ တရားဥပဒေဆိုင်ရာအခွင့်အရေး၊ ကိုယ့်တိုင်းပြည်ရဲ့ တရားဥပဒေ၊ နိုင်ငံတော်နဲ့ နိုင်ငံတကာရဲ့ ကုစားပေးနိုင်မှုတွေအကြောင်း၊
- စိတ်ဖိစီးမှုကို ဘယ်လိုရင်ဆိုင်မလဲဆိုတဲ့အကြောင်း၊

အဆက်အသွယ်များ

- ကိုယ့်ကိုအားပေးထောက်ခံတဲ့ ဒေသဆိုင်ရာရပ်ရွာလူထု၊
- လူစုလူဝေးကို မြန်မြန်ဆန်ဆန် ပြောင်းရွှေ့နိုင်မဲ့ စွမ်းရည်များ၊
- လူ့အခွင့်အရေးအဖွဲ့၊ မီဒီယာနဲ့ ဩဇာရှိသောသူများ အပါအဝင် ဒေသခံအဆက်အသွယ်များ၊
- အစိုးရ၊ ရဲနဲ့ အခြားတာဝန်ရှိသူများရဲ့ အဆက်အသွယ်များ၊
- ဥရောပသမဂ္ဂနှင့် နော်ဝေးသံရုံးအပါအဝင် လူ့အခွင့်အရေးကာကွယ်မြှင့်တင်သူများကို ကာကွယ်ပေးတဲ့လမ်းညွှန်ချက်

များရှိသော နိုင်ငံခြားသံရုံးအဆက်အသွယ်များ ( Frontline Handbook ကိုလေ့လာပါ)။ ဒီသံရုံးတွေက ဘယ်လိုကာကွယ်ပေးနိုင်မလဲဆိုတဲ့အကြောင်း သိထားပါ။

◆ ဒေသနဲ့ နိုင်ငံတကာရှိ လူ့အခွင့်အရေးကွန်ယက်များ၊ အဖွဲ့များ၊

ပြင်ဆင်မှုများ

◆ နေ့စဉ်စီမံခေါ်မှုများအတွက် လုံခြုံရေးဆိုင်ရာ ပြင်ဆင်မှုများ၊

◆ အဆိုးဆုံးအခြေအနေဖြစ်ပေ၀လာပါက လုပ်ဆောင်ရမည့် အရေးပေါ်ပြင်ဆင်မှု၊

◆ မထင်မှတ်တဲ့ အခြေအနေမျိုးဖြစ်လာပါက လုပ်ဆောင်ရမဲ့ အရေးပေါ်ပြင်ဆင်မှု၊

◆ လုံခြုံရေးနဲ့ပတ်သက်ပြီး ရှင်းလင်းသော တာဝန်ရှိမှု၊ တာဝန်ခံမှု၊

◆ လုံခြုံရေးကို အလုပ်ဆိုင်ရာပြင်ဆင်မှုတိုင်းထဲမှာ ထည့်သွင်းပြင်ဆင်ရေးဆွဲထားမှု၊

◆ လုံခြုံရေးပြင်ဆင်မှုများကို အချိန်မှန်မှန်ပြန်လည်သုံးသပ်မှု၊

အဖွဲ့အစည်း၊ ရုံး

◆ လူအများကြားမှာ ကောင်းမွန်သောဂုဏ်၊

◆ သင့်လျော်သည့် ရုပ်ပိုင်းဆိုင်ရာ လုံခြုံရေး (တံခါး၊ သော့၊ လုံခြုံသော တံခါး၊ ပြတင်းပေါက်များ၊ မီးခံသေတ္တာ၊ မီးရောင်ကောင်း ကောင်း စသည်ဖြင့်)

◆ အဖွဲ့ရဲ့ ရှင်းလင်းတဲ့ လုပ်ဆောင်မှုအကြောင်း (စစ်ဆေးဂိတ်တွင် အဖွဲ့အကြောင်းကို တိုတိုရှင်းရှင်း ရှင်းပြနိုင်ခြင်း)

◆ စိုးရိမ်စရာအချက်များအကြောင်းကို ပြောဆိုဆွေးနွေးနိုင်ရန်အတွက် အားပေးထောက်ကူသော ပတ်ဝန်းကျင်၊

◆ နည်းပညာဆိုင်ရာ လုံခြုံမှု (ကွန်ပြူတာ ပရိုဂရမ်များ၊ ဗိုင်းရပ်စစ်သောပရိုဂရမ်များ၊ လျှို့ဝှက်ကုတ်နံပတ်များ၊ လုံခြုံသော အီးမေးလ်လိပ်စာ၊ ဖိုင်များကို ကုတ်ဖြင့်ပို့ခြင်း၊ လက်ခံခြင်း)

◆ ထိလွယ်ရှလွယ်ဖြစ်တဲ့ သတင်းများကို ကိုင်တွယ်ရာမှာ ရှင်းလင်းတဲ့စနစ်၊

◆ ခွင့်မပြုသောသတင်းများမပေါက်ကြားရန်အတွက် ဧည့်သည့်လက်ခံခြင်းပေါ်လစီ၊

အခြား

◆ မိမိကိုယ်ကျင့်အပြုအမူ – ဥပဒေအတွင်းမှာသာနေထိုင်ခြင်း၊

◆ အားပေးသော မိသားစု

◆ လိုအပ်ပါက လုံခြုံသောနေရာသို့ သွားရောက်နိုင်မှု

◆ လုံခြုံသော ခရီးသွားလာမှု

◆ ငွေကြေးဆိုင်ရာ ရင်းမြစ်များ

◆ စိတ်ဖိစီးမှုကို စီမံခန့်ခွဲနိုင်သော စွမ်းရည်

ဖြစ်ပွားနိုင်တဲ့အားနည်းချက်တွေမှာ ဒီစွမ်းရည်တွေ မရှိတတ်ပါဘူး။ ဘယ်အပိုင်းတွေကို တိုးတက်ကောင်းမွန်အောင်လုပ်မလဲ စဉ်းစားကြည့်ပါ။

# နောက်ဆက်တွဲ (၅)

**စစ်ဆေးရန်၊ ရုံးလုံခြုံရေး**

အခုဖော်ပြထားတဲ့စာရင်းဟာ လုံခြုံရေးအတွက် မဖြစ်မနေလုပ်ဆောင်ဖို့ ရည်ရွယ်ထားတာမဟုတ်ပါဘူး။ ကိုယ့်ကြုံတွေ့နေရတဲ့ အခြေအနေအပေါ် ဆုံးဖြတ်လုပ်ကိုင်ဖို့ အဓိကဖြစ်ပါတယ်။ ကိုယ်တွေ့ရတဲ့ စိုးရိမ်ပူပန်ချက်တွေ၊ အန္တရာယ်တွေ၊ ဖြစ်ပွားနိုင်တဲ့ အားနည်းချက်တွေကို စဉ်းစားပြီး အခုစာရင်းထက်ပိုကောင်းအောင် လုပ်နိုင်ပါတယ်။

**(၁) အရေးပေါ်အဆက်အသွယ်များ**

အခြား အန်ဂျီအိုအဖွဲ့များ၊ အရေးပေါ်ဆေးရုံ၊ ရဲတပ်ဖွဲ့၊ မီးသတ်နှင့် အရေးပေါ်ကားတွေရဲ့နောက်ဆုံးနံပတ်တွေကို အလွယ်တကူခေါ်နိုင်မဲ့ စာရင်းရှိထားလား၊

**(၂) နည်းပညာပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာ အရာများ (အပြင်ပိုင်း၊ အတွင်းပိုင်းနဲ့ ရုံးတွင်းပိုင်း)**

◆ အပြင်တံခါးတွေ၊ ခြံစည်းရိုးတွေ၊ အဆောက်အဦရဲ့တံခါးတွေ၊ ပြတင်းပေါက်တွေ၊ နံရံနဲ့ ခေါင်မိုးတွေကို အလုပ်လုပ်နိုင်သေးတဲ့အနေအထားရှိမရှိ စစ်ဆေးခြင်း၊

◆ အပြင်ရှိမီးရောင်များ၊ အချက်ပေးစနစ်များ၊ ကင်မရာများ၊ ဝင်ပေါက်ရှိဖုန်းတွေ အလုပ်လုပ်နိုင်သေးတဲ့အနေအထားရှိမရှိစစ်ဆေးခြင်း၊

◆ သော့များသိမ်းရာမှာ လုံခြုံမှုရှိမရှိ၊ အမည်များ ကပ်ထားခြင်းရှိမရှိအပါအဝင် သော့များ၏ လုပ်ထုံးလုပ်နည်းများကို စစ်ဆေးခြင်း၊ သော့များနှင့် မိတ္တူသော့များကို ထိမ်းသိမ်းရန်တာဝန်ပေးထားမှုကို စစ်ဆေးခြင်း၊ ထိုသော့များ မိတ္တူများရဲ့ အလုပ်လုပ်ခြင်း ရှိမရှိကို စစ်ဆေးခြင်း၊ သော့များပျောက်ခြင်း၊ ခိုးခံရခြင်းများရှိပါက သော့ခလောက်များကို ပြောင်းခြင်း၊ ထိုသို့ဖြစ်ပါက စနစ်တကျ မှတ်တမ်းပြုစုသတင်းပို့ခြင်း၊

◆ လုံခြုံသော အထူး အခန်းများရှိပါသလား၊

အဖွဲ့အစည်းအမည်ကို ဆိုင်းဘုတ်တင်ထားပြီး အထူးအန္တရာယ်များလာပါက ကိုယ့်ကိုလာရောက်တိုက်ခိုက်မှုမဖြစ်အောင် ထိုဆိုင်းဘုတ်ကို ဖြုတ်ချနိုင်ခြင်းရှိမရှိ

**(၃) ရုံးဝန်ထမ်းများ**

◆ လုံခြုံရေးဝန်ထမ်းများအပါအဝင် ဝန်ထမ်းများကို စိတ်ချရသောသူများကိုသာ ရွေးချယ်ထားပါသလား၊ သူတို့အပေါ် ထောက်ခံချက်များကို အလေးထားပါသလား။